## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် **၁၁၃** / ၂၀၂၂

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်

( ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၂ ရက် )

### မြန်မာနိုင်ငံအမျိုးသားရှာဖွေကယ်ဆယ်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ အရှေ့တောင်အာရှနှင့်ပစိဖိတ်ဒေသအတွင်း အရေးပေါ်အသက်ဘေးအန္တရာယ် ကျရောက်သူများအား ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများကို ဒေသတွင်းနိုင်ငံများအကြား ထိရောက်စွာ ပေါင်းစပ်ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေးနှင့် အမျိုးသားရှာဖွေကယ်ဆယ်ရေးအစီအမံများကို စနစ်တကျချမှတ်အကောင်အထည်ဖော်နိုင်ရန်အတွက် **"မြန်မာနိုင်ငံအမျိုးသားရှာဖွေကယ်ဆယ်ရေးကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး<br>ဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | စစ်ဦးစီးအရာရှိချုပ်(ကြည်း)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အဖွဲ့ဝင် |
| (ဃ) | စစ်ဦးစီးအရာရှိချုပ်(ရေ)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) | အဖွဲ့ဝင် |
| (င) | စစ်ဦးစီးအရာရှိချုပ်(လေ)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (တ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကြက်ခြေနီအသင်း | အဖွဲ့ဝင် |
| (ထ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |

(ဒ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
မီးသတ်ဦးစီးဌာန

(ဓ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန

၂။ မြန်မာနိုင်ငံအမျိုးသားရှာဖွေကယ်ဆယ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အမျိုးသားသဘာဝဘေးအန္တရာယ်ကာကွယ်ရေးစီမံချက်အား နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင် ပြန်လည်ရေးဆွဲနိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီသို့ မူဝါဒတောင်းခံ၍ ဆက်လက်ဆောင်ရွက်ခြင်း၊

(ခ) သဘာဝဘေး (ရေ၊ လေ၊ ဆူနာမီ၊ မီးဘေး၊ ငလျင်) အလိုက် ဖြစ်နိုင်ဖွယ်ရှိသောဒေသနှင့် လူဦးရေများအား လေ့လာ၍ ဘေးဒုက္ခသည်များအား ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ပြင်ဆင်ထားခြင်း၊ ထိုဒေသရှိ မြေပြင်အနေအထားပေါ်မူတည်၍ ဒုက္ခသည်များ တိမ်းရှောင်ခိုလှုံနိုင်သောနေရာများ၊ ရုတ်ချည်းလိုအပ်နိုင်သော သက်ကယ်ပစ္စည်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရန် လိုအပ်သော ယာဉ်နှင့် ယန္တရားများ၊ စက်သုံးဆီများ၊ အသက်ရှင်နေထိုင်ရန် လိုအပ်သော ရိက္ခာပစ္စည်းအခြေအနေများအား ကြိုတင်လေ့လာပြီး အရန်သင့်စုစည်းပြင်ဆင်ထားခြင်း၊

(ဂ) ငလျင်ဘေး၊ မီးဘေးများတွင် ပိတ်မိနေသော ဒုက္ခသည်များအား ရှာဖွေကယ်ဆယ်နိုင်ရေးအတွက် ဒေသအလိုက် အထူးအဖွဲ့များ ဖွဲ့စည်းလေ့ကျင့်ခြင်း၊

(ဃ) အရေးပေါ်ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အစိုးရဌာနများအချင်းချင်း၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရန် ပြင်ဆင်ခြင်း၊

(င) သဘာဝဘေးအန္တရာယ်ခံစားနေရသူများ၊ အသက်ဘေးမှ လွတ်မြောက်စေရန်နှင့် အသက်ရှင်ကျန်နေသူများအားလုံး ဆက်လက်ရှင်သန်နိုင်ရေး စုဖွဲ့စီမံခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် လှုပ်ရှားလေ့ကျင့်ခြင်းများ ဆောင်ရွက်ခြင်း၊

(စ) ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများပြီးသည်နှင့် ကယ်ဆယ်စောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေး၊ နေရာချထားရေး လုပ်ငန်းကော်မတီအဖွဲ့သို့ အချိန်မီလွှဲပြောင်းပေးခြင်း၊

(ဆ) ပြည်ပမှအကူအညီလိုအပ်သည်ဟု ဆုံးဖြတ်သောကိစ္စရပ်များအတွက် ပေါင်းစပ်ဆောင်ရွက်ရေးဆိုင်ရာ မူဝါဒလမ်းညွှန်ချမှတ်ပေးခြင်း၊

(ဓ) အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော ဒေသများတွင် သဘာဝဘေးများ ကျရောက်မှုနှင့်စပ်လျဉ်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား အထူးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်း၍ နှစ်ဖက်ညှိနှိုင်းလုပ်ဆောင်ခြင်း၊

(န) အခင်းဖြစ်ပွားရာနေရာရှိ ရှာဖွေရေးခေါင်းဆောင်သည် အထက်တာဝန်ရှိပုဂ္ဂိုလ်များနှင့် အဆက်အသွယ်မပြတ်စေရေး ညွှန်ကြားဆောင်ရွက်ခြင်း။

၃။ နိုင်ငံတော်သမ္မတရုံး၏ ၃ - ၅ - ၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈ / ၂၀၁၆ နှင့် ၂၃ - ၅ - ၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၉ / ၂၀၁၆ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ